# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၁)

၁၃၅၂ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်

(၁၉၉၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၉၁-၉၂ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ(ဂ)အဖြစ် ဖြည့်စွက်ရမည် -

(ဂ) နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဤပုဒ်မခွဲပါ ကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ယင်းကိစ္စများဆိုင်ရာ ရန်ပုံငွေတစ်ရပ်ရပ်သို့ လှူဒါန်းထည့်ဝင်ငွေ ယင်းသို့ နုတ်ပယ်သည့်ငွေသည် အခွန်ထမ်း၏ စုစုပေါင်း ဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့်ညီမျှသော ငွေထက်မပိုစေရ။

ရှင်းလင်းချက်။ ကုသိုလ်ရေးဆိုရာတွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူ အကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၀ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည် -

၂၀။ ဝင်ငွေနှစ်အတွင်း ဝင်ငွေရလမ်းတစ်ခုခုမှ ဆုံးရှုံးငွေရှိလျှင် ထိုနှစ်အတွင်း ရရှိသည့် ကျန်ဝင်ငွေရလမ်းများမှ ဝင်ငွေတွင် ခုနှိမ်ပေးရမည်။ ကုန်စင်အောင် ခုနှိမ်ခြင်း မပြုနိုင်သော ဆုံးရှုံးငွေပေါင်းကို တစ်ဆက်တည်း နောက်သုံးနှစ်အထိ သယ်ယူခုနှိမ်ခွင့် ပေးရမည်။

သို့ရာတွင် ဤပုဒ်မသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ -

(က) အခြေပစ္စည်းမှ ဆုံးရှုံးငွေ၊

(ခ) ပုဂ္ဂိုလ်စု တစ်ခုခုမှ အရှုံးဝေစု။